ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

1.1.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၉) ဦး	(၅) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

စစ်ကိုင်းတိုင်း

ဒီဇင်ဘာလ(၃၁)ရက်နေ့ညနေ(၄:၁၅)နာရီခန့်က ရွှေဘိုမြို့နယ်၊ ရွှေဘိုမြို့ ရွှေဘို-မြစ်ကြီးနားလမ်းဆုံတွင် ဆပ်ကြေးတောင်းနေသော ရန်သူတပ်သား (၁၅)ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(ရွှေဘိုရိုင်) တပ်ရင်း(၅) တပ်ခွဲ(၁)၊ BLACK WOLF အဖွဲ့၊ Who am I အဖွဲ့တို့ပူးပေါင်းပြီး (၄၀)မမ (၃)လုံးဖြင့် အလစ်အငိုက်ပစ်ခတ်တိုက်ခဲ့ကာ ရန်သူတပ်သား (၂)ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။

မကွေးတိုင်း

- ဇန်နဝါရီလ(၁)ရက်နေ့မနက်(၅)နာရီမှ(၇)နာရီအထိ ရေစကြိုမြို့နယ်ရှိ ရန်သူတပ်ဖွဲ့ဝင်များနှင့်ပျူစောထီးတပ်ဖွဲ့ဝင်များ ခြေကုပ်ယူထားသော ပခန်းကြီးရွာရဲစခန်းနှင့် ငွေးချိုကျေးရွာပျူစောထီးစခန်းအား ရေစကြိုမြို့နယ်ပကဖ၊ ၊Salingyi Special Tesk Force – SSTF ၊ မြိုင်မြို့နယ်ပကဖတပ်ရင်း (၂) ၊ Myanmar Royal Dragon Army–MRDA၊ပခုက္ကူခရိုင်တပ်ရင်းအမှတ် (၉)၊ ရေစကြိုမြို့နယ်အခြေစိုက် ဒေသကာကွယ်ရေး မဟာမိတ်ပူးပေါင်းတပ်များက စီးနင်းတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ရဲမေ(၁) ဦး နေရာ၌ပင်သေဆုံးခဲ့ပြီး ရန်သူတပ်သားများ အရေအတွက်များစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဒီဇင်ဘာလ(၃၁)ရက်နေ့ညနေ(၅)နာရီခန့်က ပခုက္ကူမြို့နယ်၊ အရှေ့ဘုန်းကံရွာအရှေ့ပိုင်းတွင် ရန်သူတပ်ဖွဲ့ဝင်များနှင့်ပျူစောထီးတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား (၂၀) ခန့်ဖြင့်တပ်စွဲထားသော စစ်ဆေးရေးဂိတ်စခန်းအား People Defence Force Column 1၊ ညီနောင်သုံးဖော်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ ဇာမဏီသွေးပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့၊ ရွှေညာမြေပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ ဒေါင်းစစ်သည်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ သူရိန် UG အဖွဲ့၊ PKU Ranger အဖွဲ့၊ နဂါးမင်းလေကြောင်း စစ်ဆင်ရေးအဖွဲ့၊ Royal PKU UG အဖွဲ့တို့ပူးပေါင်း၍ ဒရုန်းဖြင့် ဗုံးသီးချတိုက်ခိုက်ခဲ့သောကြောင့် ရန်သူတပ်ဖွဲ့ဝင် (၅) ဦးခန့် ထိခိုက်သေဆုံးခဲ့သည်။
- ဒီဇင်ဘာလ(၃၁)ရက်နေ့ညနေ(၄)နာရီခန့်က မြိုင်မြို့နယ်၊ သရက်ကွကျေးရွာတွင် တပ်စွဲထားသော ရန်သူတပ်ဖွဲ့ဝင်များနှင့်ပျူစောထီးတပ်ဖွဲ့ဝင်များရှိရာ တပ်စခန်းတစ်ခုအား M.V.P Revolution Force ၊ Scorpion People Defense Force၊ မြိုင်မြို့နယ်အခြေစိုက် တမာမြေပြောက်ကျားတပ်ဖွဲ့နှင့် KING FRIGHTER ဒေသကာကွယ်ရေး တပ်ဖွဲ့တို့က လက်နက်ကြီးများဖြင့် တိုက်ခိုက်ခဲ့သောကြောင့် ရန်သူတပ်ဖွဲ့ဝင်များနှင့် ပျူစောထီးတပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုများစွာရှိနိုင်ပြီး ရန်သူတပ်စခန်းဘက်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ပြီး တိုက်ပွဲကြာချိန် မိနစ် (၃၀) ခန့် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်း

- ဇန်နဝါရီလ(၁)ရက်နေ့မနက်(၈)နာရီခန့်က သဲကုန်းမြို့နယ်၊ ရန်ကုန်-ပြည်လမ်း ဝက်ပုတ်တာဆုံမှ သဲကုန်းမြို့သို့ သွားသည့် ပွဲပြည့်ရွာအနီးလမ်းမပေါ်တွင် ရွေးကောက်ပွဲဆန်ကျင်ရေး စာတန်းလာဖြုတ်သောရဲတပ်ဖွဲ့ဝင်များကို ပေါင်းတည်မြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PPDF) တပ်ရင်း ၃၆၀၁၊ တပ်ခွဲ ၃ တိုင်းလုံးကျော်အဖွဲ့က နန်းထိုက်အောင် စစ်ဆင်ရေးအဖြစ် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်(၁)ဦး ဦးခေါင်း ထိမှန်ကာ နေရာတွင် ပွဲချင်းပြီးသေဆုံးကာ (၁)ဦး အပြင်းအထန်ဒဏ်ရာရရှိသွားခဲ့သည်။
- ဒီဇင်ဘာလ(၃၁)ရက်နေ့မနက်(၄:၄၅)နာရီခန့်က ပဲခူးမြို့နယ်၊ ပဲခူးမြို့ ပင်မထောက်ပံ့ပို့ဆောင်ရေး တပ်၏ ကင်းဂိတ်ကို ပဲခူးမြို့နယ်ပကဖ မိုင်းဖြင့်တိုက်ခိုက်ခဲ့ရာ ရန်သူထောက်ပို့တပ်သား(၂)ဦးသေဆုံးခဲ့ပြီး မနက်(၁၀:၄၅)နာရီခန့်တွင် ပဲခူးမြို့နယ်၊အမှတ်(၂)ရဲစခန်းကို ပဲခူးမြို့နယ်ပကဖ အဖွဲ့ဝင်ရဲဘော်များက မိုင်းဖြင့် တိုက်ခိုက်ခဲ့ရာ ရန်သူတပ်ဖွဲ့၏ထိခိုက်မှု အခြေအနေကို စုံစမ်းအတည်ပြုနေဆဲဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပဲခူးမြို့နယ်၊ ကလိစစ်ဆေးရေးဂိတ်ကို ပဲခူးမြို့နယ်ပကဖ အဖွဲ့ဝင်ရဲဘော်များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ရန်သူတပ်ဖွဲ့ဝင် (၂)ဦး ထိခိုက်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

<u>တနင်္သာရီတိုင်း</u>

- ဒီဇင်ဘာလ(၃၁)ရက်နေ့ညပိုင်း(၇)နာရီခန့်က ပုလောမြို့နယ်၊ ကျောက်ပုဇွန်တောင်တွင် ရန်သူကားကြီး (၆) စီး ကားတန်းကို တောကြီးမြွေဟောက်အဖွဲ့က ထပ်မံမိုင်းဆွဲရာ (၁) စီးထိပြီး ကျန် (၅) စီး ခလရ(၂၈၅) ထဲ ရောက်သွားကြောင်း သိရသည်။
- ဒီဇင်ဘာလ(၃၁)ရက်နေ့နေ့လည်(၂)နာရီခန့်က ပုလောမြို့နယ်၊ ကဒဲရွာသို့ ရန်သူတပ်သားများ အင်အား အများအပြားနှင့်တိုးဝင်လာပြီး တော်လှန်ရေးအင်အားစုများနှင့် ထိတွေ့မှုပြင်းထန်ခဲ့ကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

<u>ရန်ကုန်တိုင်း</u>

ဒီဇင်ဘာလ(၃၁)ရက်နေ့နေ့လည်(၁)နာရီခန့်က အလုံမြို့နယ်၊ အောင်ဇေယျလမ်း၊ ခေတ်ဆန်သူ လက်ဖက်ရည်ဆိုင် တွင် ထိုင်နေသော လူငယ် (၂) ဦးကို ရန်သူအဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။